# ညောင်ဝန်းကျေးရွာ

# ပင်းတယမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ဝန်းကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၆ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲ ထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်န ည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦး စီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး ြငြ်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအမိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ညောင်ဝန်းကျေးရွာ
ပင်းတယမြို့နယ်

## ညောင်ဝန်းကျေးရွာ
## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | ၅ |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၅ |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၅ |
| ၄ | **စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| | (က)သီးနှံစိုက်ပျိုးရေး | ၆ |
| | (ခ)မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ)ငါးလုပ်ငန်း | ၇ |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၇ |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၇,၈ |
| ၅ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူပို့ဆောင်ရေး | ၈ |

| | | |
|---|---|---|
| | (ခ)ကျေးရွာမီးလင်းရေး | ၈ |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| **၆** | **ပညာရေး** | ၈,၉ |
| **၇** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၉ |
| **၈** | **သေားအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉,၁၀ |
| **၉** | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| **၁၀** | **ဦးစားဦေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၁ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၂ |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | - |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၁၃ |
| | နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | ၁၄ |


ဘုန်းကြီးကျောင်း
ဘုရား
စာသင်ကျောင်း
ရေလှောင်ကန်
အိမ်
လမ်း
ရေချောင်း
စိုက်ခင်းများ
ရက်စွဲ 3-1-2017

## ၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ညောင်ဝန်းကျေးရွာသည် ပင်းတယ-ကောင်းဘို့-ရပ်စောက်လမ်းပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေး ဆိုင်ရာ ပင်းတယမြို့နှင့်ဆက်သွယ်သွားလာရလွယ်ကူပါသည်။ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ကြသည်။ကျေးရွာတွင် တောတောင်များ ရေထွက်များ၊ ချောင်းနှင့် မြောင်းများအသင့်အတင့်ရှိပါသည်။ လယ်ယာမြေများသည် စပါးနှင့် နွေရာသီတွင် ခရမ်းချဉ် ၊ အာလူး ၊ ကြက်သွန် များစိုက်ပျိုးထုတ်လုပ်ရန်အတွက် အဓိက အားထားရာဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသ ဖြစ်ပြီးရာသီဥတုကောင်းမွန်ပါသည်။သို့သော် သစ်တောများ ပြုန်းတီးလာမှုကြောင့် ရာသီဥတု ဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေများ အသင့်အတင့်ရှိကြပြီးမြေပြန့်ဒေသဖြစ်ကာမြေဆီလွှာ အသင့်အတင့် ကောင်းမွန်ပါသည်။ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ မြေအောက်ရေအသုံးပြုမှု မရှိဘဲစိမ့်စမ်းရေကိုသာအဓိကအသုံးပြုကြသည်။ ကျေးရွာတွင် စပါး ၊ လဖက် ၊ ဂျင်းနှင့် သီးနှံများကိုအဓိကစိုက်ပျိုးကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်ဘာသာရေးဆိုင်ရာအဖွဲ့ (၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာအဖွဲ့ (၁)ဖွဲ့ ရှိသည်။ အသေးစားချေးငွေ အဖွဲ့ကိုပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစုချေး လုပ်ငန်းကိုလည်း လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာတစ်ဖွဲ့နှင် တစ်ဖွဲ့ကြားချိတ်ဆက် ဆောင်ရွက်မှုအဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီးအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါကဖွံ့ဖြိုးရေးဆိုင်စီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန် လာနိုင်သည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် လက်ဖက်ကိုအဓိကစိုက်ပျိုးကြပြီးစပါး၊ ဂျင်းနှင့် အခြားသီးနှံများစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက ၁၂၂ ဧကရှိပြီးနွေရာသီတွင် လယ်မြေပေါ်တွင် ခရမ်းချဉ်၊ အားလူး၊ ကြက်သွန်တို့ စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာတစ်ဧကတင်း (၄၀) မှ (၅၀) ကြားထွက်ရှိကြောင်းတွေ့ရသည်။
လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကိုရင်ဆိုင်ရတတ် ပြီးလုပ်အားခပိုမိုပေးမှ အလုပ်သမားများကိုငှားရမ်းရရှိနိုင်ကြကာကုန်ကြစရိတ်မြင့်မားရသည်။ တောင်သူများသည် တခါတရံတွင် မိုးရွာသွန်းမှုမညီမျှမှုရင်ဆိုင်ရတတ်သည်။ စပါးခင်းများ ၊ ခရမ်းချဉ်စိုက်ခင်းများတွင် ဖျက်ပိုး ကျရောက်မှု ကိုပိုမိုတွေ့ရပြီးယင်းဖျက်ပိုးများသည်

ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နင်းရေးနည်းစနစ်ကိုလိုလားနေကြသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်ဝက်မွေးမြူသူအိမ်ထောင်စု ၃ပုံ ၂ပုံ ခန့် ရှိပြီးဒေသဝက်မျိုးကိုမွေးမြူကြသည်။ ဝက် နှင့် ကျွဲ ၊ နွားရောဂါများကြောင့် သေဆုံးမှုများရှိသည်။ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဌာနမှ ဝန်ထမ်းမလုံလောက်မှုကြောင့် နည်းပညာဝန်ဆောင်မှုအားနည်းသည်။မွေးမြူရေးလုပ်ငန်းတည်ထောင် တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြချေ။နည်းပညာဝန်ဆောင်မှုကိုမြို့နယ်မွေးကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်းဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ ကျေးရွာတွင် မွေးမြူရန်မြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

## (ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

## (ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာလက်သမား၊ ပန်းရံ၊ ဈေးရောင်း၊ နေ့စားလုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်ငန်း၊ မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ကားမောင်းဝပ်လျှော့စသည့်အသက်မွေးဝမ်းကျောင်းသင်သန်းများဖြစ်ကြသော်လည်းရွာသားများသည်အဆိုပါသင်တန်းနှင့်အထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်းအနည်းငယ်နိမ့်ကျကြပြီးသင်တန်းစရိတ်အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကိုတစ်နှစ်အတိုးနှုန်းပြား (၈၁)နှင့် တစ်ဧကကျပ်တစ်သိန်းခွဲနှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင် ပြင်ပအဖွဲ့အစည်း (NGO) မှလာရောက်ဖွဲ့စည်းပေးထားသော အသေးစားချေးငွေအဖွဲ့ ဖွဲ့စည်းပေးထားပြီးအတိုးနှုန်း (1.5) ကျပ်ဖြင့် အသင်းဝင်များချေးယူနိုင်ကြသည်။ အဖွဲ့တွင် ချေးငွေကို (၁၀) လအထိချေးယူနိုင်ပြီးစည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။ ကျေးရွာတွင် သမဝါယမအသင်းကိုဖွဲ့စည်းထားခြင်းမရှိသေးပေ။

ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းမျိုးစုံ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် ချေးယူကြပြီးကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရပါသည်။

ကျေးရွာအိမ်ထောင်စု (၉၀) ရာခိုင်နှုန်းသည် အကြွေးငွေငါးသိန်းအောက်ချေးယူထားကြပြီး (၁၀) ရာခိုင်နှုန်းသည် အကြွေးငွေ (၁၀)သိန်းအထက် ချေးယူထားကြကြောင်းတွေ့ရသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ ၂၀၁၅ ခုနှစ်က ၂.၆ဖာလုံအရှည်ရှိ ချဉ်းကပ်လမ်းညောင်ဝန်းခံတောင်ကျောက်ချောလမ်းကိုနယ်ထပ်ဒေသတိုင်းရင်းသားလူမျိုးများတိုးတက်ရေးဌာနမှခင်းပေးခဲ့သည်။ကျေးရွာတွင် လမ်းမှာမြေသားလမ်းများဖြစ်ပြီးထော်လာဂျီ၊နွားလှည်းများကိုအသုံးပြုမောင်းနှင်ကြသည်။ လမ်းပန်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၇၆)စီး ထော်လာဂျီး(၁)စီးကား(၂)စီးနှင့် နွားလှည်း(၅)စီးတို့ကိုအသုံးပြုလျက်ရှိသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီးလိုင်းကိုမဟာဓာတ်အားလိုင်းနှင့် (၃)မိုင်ခန့်သာဝေးသော်လည်းချိတ်ဆက်မသုံးစွဲနိုင်သေးပါ။ ဆိုလာစနစ်ကိုအဓိကအားထားနေရပြီးအဆင်မပြေသည်ကိုတွေ့ရသည်။

ရေအားလျှပ်စစ်ကိုအနည်းငယ်သုံးစွဲကြပြီးမိုးရာသီတွင်သာအဆင်ပြေအသုံးပြုနိုင်သည်ကိုတွေ့ရသည်။
ထင်းခုတ်ယူမှုများပြားခြင်းကြောင့်သစ်တောများပြုန်းတီးလာပြီးရာသီဥတုများဖောက်ပြန်လာပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့် အခြားဝန်ဆောင်မှုအတွက် လက်လှမ်းမီစွာအသုံးပြုနိုင်ကြပါသည်။ အမ်ပီတီနှင့် တယ်လီနောဖုန်းအဓိကအသုံးပြုကြပြီးအင်တာနက် အသင့်အတင့် ကောင်းမွန်ပါသည်။

### (ဃ) ပညာရေး

ကျေးရွာ၏ ကျေးရွာတွင် မူလတန်းကျောင်းကိုပေ ၆၀၊ ၃၀အရွယ်ရှိသွပ်မိုးအုပ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင်သင်ကြားပေးသည်။ရွာသားအားလုံးသည် ရေးတတ်ဖတ်တတ်ကြပြီးစာမတတ်သူနှင့် ဘုန်းကြီးကျောင်းပညာရေးအနည်းငယ်ရှိကြောင်းတွေ့ရသည်။ မူလတန်းအောင် ရာခိုင်နှုန်းသည် မြင့်မားသည်။ သက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်သည်။

## ၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ရွာသားအများစုသည်သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပြီးအာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ အမျိုးသမီးလူငယ်လူရွယ်သက်ကြီးပိုင်းတို့သည် လည်းများသောအားဖြင့်တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ကျန်းမာရေးအမြင်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုရွာမှအရန်သားဖွားဖြင့်၄င်းကျေးလက်ကျန်းမာရေးဌာနခွဲကောင်ရွှေပုထိုးသို့၄င်းကျန်းမာရေးစောင့်ရှောက်မှုရယူကြသည်။ပြဿနာတစ်ရပ်အနေဖြင့်ကျန်းမာရေးစောင့်ရှောက်မှုအပိုင်း၌ကျန်းမာရေးဌာနခွဲဖြင့်(၂ မိုင် ၄ဖာလုံ)ဝေးကွာခြင်းမြို့နယ်ပြည်သူဆေးရုံးနှင့်(၇)မိုင် ဝေးကွာခြင်းတို့ကြောင့် အရေပေါ်အခြေအနေများဖြစ်ပေါ်ခဲ့ပါက ပြဿနာတစ်ရပ် ဖြစ်ကြရသည်။ ကျေးရွာသူကျေးရွာသားများသည် ရွာ၏ပတ်ဝန်းကျင်မှထွက်သောရေထွက်ချောင်းရေမှရေကိုအလွယ်တကူသောက်ရေသုံးရေအဖြစ်အသုံးပြုကြသော်လည်းဝမ်းပျက်ဝမ်းလျော၊တိုက်ဖိုက်၊အစာအိမ်ရောင်စသောရောဂါဖြစ်ပွားမှုများနည်းပါးကြောင်းတွေ့ရသည်။

ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိသေးပါ။ကျန်းမာရေးအတွက်၂မိုင်ခန့်ဝေးကွာသောမိုင်းအင်တိုက်နယ်ဆေးရုံသို့ သွားရောက်ပြသကြပါသည်။ သောက်သုံးရေအတွက် စိမ့်စမ်းရေကိုအဓိကသုံးစွဲကြသည်။ နေ့ရာသီတွင်အခက်အခဲအနည်းငယ်ရှိကြောင်းတွေ့ရသည်။ယင်လုံအိမ်သာကိုတစ်ရွာလုံးနီးပါးဆောက်လုပ်သုံးစွဲကြသည်။အဆင်ပြေသောအိမ်ထောင်စုများကအိမ်သာကိုအုတ်ဖြင့်ဆောက်လုပ်ထားကြပြီးအဆင်မပြေသောအိမ်များကဝါးထရံများဖြင့် ဆောက်လုပ်ထားကြကြောင်းတွေ့ရပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စပါး၊ ခရမ်းချဉ်၊ ကြက်သွန်ဖြူစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်သောကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင် သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေးစနစ်အစားဓာတုပိုးသတ်ဆေးများကိုသာအသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်းပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာလွတ်လပ်မှုရှိသည်။ ကျား-မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်းကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြားပြင်းထန်စွာအိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေးတူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်းအလယ်တန်း၊ မူလတန်းအဆင့်တွင် မအရေအတွက် မှာကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာအမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများကိုပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်းအမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူအမျိုးသမီးပါဝင်မှုတို့မှာအလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

## ၁၀။ ညောင်ဝန်းကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကျေးရွာအုပ်စုအမည် – ညောင်ဝန်း | | ကျေးရွာအမည် – ညောင်ဝန်း | မှတ်ချက် |
|---|---|---|---|---|
| | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံ အဆောက်အဦ | ကျေးလက်လမ်း၊ ရွာချင်းဆက်လမ်း၊ တံတားဆောက်လုပ်ခြင်း | ကျောက်ချောလမ်းခင်းခြင်း၁၂'အကျယ် (၂) မိုင်ခန့် | |
| ၂ | လူငယ့်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး | လူငယ့်အခွင့်လမ်း | စာကြည့်တိုက်ဆောက်လုပ်ခြင်း | |
| ၃ | အခြေခံ ပညာရေးဆိုင်ရာ | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ | မူကြိုကျောင်း ( ၂၀' x ၃၀' ) | |
| ၄ | လျှပ်စစ် | မဟာဓါတ်အားလိုင်း | လျှပ်စစ်မီးသွယ်တန်းခြင်း (၃) မိုင် | |
| ၅ | အားကစားနှင့် ကာယပညာရပ်ဆိုင်ရာ၊ အားကစားကွင်း၊ အားကစားပစ္စည်း | အားကစား | အားကစားကွင်းတည်ဆောက်ခြင်း | |
| ၆ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု / ကျေးလက် ကျန်းမာရေးဝန်ဆောင်မှု / ကျေးလက် အခြေပြု၊ | ကျေးလက်ဆေးပေးခန်း ( ၂၀' x ၃၀' ) | |

| | | | | |
|---|---|---|---|---|
| | | လူထုအခြေပြုကျန်းမာရေးဝန်ဆောင်မှု | | |
| ၇ | အခြေခံအဆောက်အဦ | ကျေးလက်ရေပေးဝေရေး | ၂"ရေပိုက် (၂၈၀)လုံးပံ့ပိုးပေးရန် | |
| ၈ | ရပ်ရွာအခြေပြုငွေကြေးဝန်ဆောင်မှုများ | ရပ်ရွာအခြေပြု | အတိုးနှုန်းသက်သာသောချေးငွေအဖွဲ့နှင့်ချိတ်ဆက်ပေးရန် | |
| ၉ | အခြေခံအဆောက်အဦ | ကျေးလက်ရေပေးဝေရေး | စိုက်ပျိုးရေးရေသွင်းမြောင်း (၃) မိုင်ခန့် | |
| ၁၀ | စိုက်ပျိုးရေးနည်းပညာ | နည်းပညာ | စိုက်ပျိုးမွေးမြူရေးနည်းပညာပေးသင်တန်း | |
| ၁၁ | လူငယ့်အခွင့်အလမ်း | လူငယ့်အရည်အသွေးနှင့်စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး | မူးယစ်ပညာပေးဆိုင်ရာဟောပြောပွဲ | |
| ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် | သစ်တော | သစ်တောပြန်လည်စိုက်ပျိုးခြင်း | |

**နောက်ဆက်တွဲ(၁)**

**ညောင်ဝန်းကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမျိုးဝင်း | ဦးဒွေးစုံ | ၁၃/ပတယ(နိုင်)၀၈၆၃၄၄ | ၂၅ | ဥက္ကဋ္ဌ | ၀၉-၇၉၇၇၄၂၉၅၈ | |
| ၂ | ဦးမြင့်ဝေ | - | - | - | - | - | |
| ၃ | ဦးဘစေး | ဦးဘရီ | ၁၃/ပတယ(နိုင်)၀၃၄၅၃၄ | ၅၂ | အတွင်းရေးမှူး | | |
| ၄ | ဦးဖြိုးဝေ | ဦးပေါ်ဦး | ၁၃/ပတယ(နိုင်)၀၉၂၉၅၄ | | စာရင်းကိုင် | ၀၉-၇၈၀၈၁၇၅၀၀ | |
| ၅ | ဦးလှရှိန် | ဦးချစ်စိန်(က) | - | - | သော့ကိုင် | | |
| ၆ | ဦးစောရန်ပိုင် | ဦးဘရီ | ၁၃/ပတယ(နိုင်)၀၄၉၃၄၄ | - | သော့ကိုင်-၂ | ၀၉-၇၉၁၈၂၈၇၆၁ | |
| ၇ | ဦးစိုးဝင်းအောင် | ဦးသာအောင် | ၁၃/ပတယ(နိုင်)၀၁၃၆၁၆ | - | ဘဏ္ဍာရေးမှူး | ၀၉-၂၆၂၉၀၅၁၉၇ | |

နောက်ဆက်တွဲ(၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(ညောင်ဝန်း)

| စဉ် | ပြဿနာ | အကြောင်းအရာ | အခြေအနေ ဂေဟဗေဒများ | အဟန့်အတားနှင့် စနစ်ချို့ယွင်းမှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း သွားလာရေးခက်ခဲခြင်း | မြေသားလမ်းဖြစ်နေခြင်း | လုပ်အားရှိခြင်း | ငွေကြေးအခက်အခဲ ရှိခြင်း | လမ်းအဆင့်မြှင့်တင်ခြင်း | ကျောက်ချ ကျောက်မင်းခင်းခြင်း ၁၂'အကျယ်(၂) မိုင်ခန့် |
| ၂ | ကျေးရွာလူငယ်များအနေဖြင့် မဖတ်ရသည့်အတွက် အထွေထွေ ဗဟုသုတနည်းပါးသည်။ | ကျေးရွာတွင်စာကြည့်တိုက်မရှိ သည့်အတွက် ကျေးရွာလူထုအ နေဖြင့်ဗဟုသုတနည်းပါးသ ည်။ | ကျေးရွာသူ/သားများအနေဖြင့် စာဖတ်လိုစိတ်ရှိခြင်း။ | | ဖြန့်ဖြူးရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့်ဆက်သွယ်ဆောင်ရွက်သွားမည် | စာကြည့်တိုက်ဆောက်လုပ်ခြင်း |
| ၃ | မီးကြိုက်လောင်မှုများ အခါ ကျေးရွာသို့ သွားရောက်ပို့ဆောင်ရေးခြင်း | ရွာတွင်နွေရာသီကာလ ကျေးရွာရေကန်မရှိခြင်း | လုပ်အားရှိခြင်း မြေနေရာရှိခြင်း | ငွေကြေးအခက်အခဲ ရှိခြင်း | မီးသတ်ရေကန်တည်ဆောက်ခြင်း | မီးသတ်ရေကန်( ၂၀' x ၃၀' ) |
| ၄ | ဆိုလာမီးသာ လျှပ်စစ်အဖြစ် အသုံးပြုနေရခြင်း | လျှပ်စစ်မီးမရရှိခြင်း | | မဟာဓာတ်အားလိုင်းနှင့် ကွာဝေးခြင်း၊ငွေကြေး အခက်အခဲရှိခြင်း | မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်း | လျှပ်စစ်မီးသွယ်တန်းခြင်း(၃) မိုင် |
| ၅ | အားကစားဝါသနာရှင်များ ကျောင်းသားကြီးများမှာ ကြံ့ခိုင်မှုနည်းသောခြင်း | ကစားကွင်းမညီညာခြင်း ၊မကျယ်ဝန်းခြင်း | လုပ်အားရှိခြင်း မြေနေရာရှိခြင်း | ငွေကြေးအခက်အခဲ ရှိခြင်း | ကစားကွင်းအဆင့်မြှင့်တင်ပြီး မြှင့်တင်တည်ဆောက်ခြင်း | အားကစားကွင်းတည်ဆောက်ခြင်း |
| ၆ | တိုက်နယ်ဆေးရုံသို့ သွားရောက် ကုသမှုခံယူရခြင်း | ကျေးရွာတွင်ဆေးပေးခန်း မရှိခြင်း | လုပ်အားရှိခြင်း မြေနေရာရှိခြင်း | ငွေကြေးအခက်အခဲ ရှိခြင်း | ဆေးပေးခန်းတည်ဆောက်ခြင်း | ကျေးရွာဆေးပေးခန်း ( ၂၀' x ၃၀' ) |
| ၇ | ဘုန်းကြီးကျောင်းသုံးရေနှင့် ရွာသားများတွင် မလုံလောက်ခြင်း | လက်ရှိရေပိုက်ဟောင်းခြင်း ကြောင့်သုံးစွဲမလုံလောက် ခြင်း | လုပ်အားပေးရှိခြင်း | ငွေကြေးအခက်အခဲ ရှိခြင်း | ရေပိုက်အကြီးပြောင်းလဲလှယ်ခြင်း | ၂"ရေပိုက်(၂၈၀)လုံးပံ့ပိုးပေးရန် |
| ၈ | စိုက်ပျိုးရေး၊မွေးမြူရေး တိုးချဲ့မလုပ်နိုင် | စိုက်ပျိုးရေးနှင့်မွေးမြူ ရန်အရင်းအနှီးမလုံ လောက် | | | ချေးငွေ ရရှိနိုင်သောအဖွဲ့အစည်းနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | အတိုးနှုန်းသက်သာသော ချေးငွေအဖွဲ့နှင့်ချိတ်ဆက်ပေးရန် |

| စဉ် | ပြဿနာ | အကြောင်းအရာ | အခြေအနေ ဂေဟဗေဒများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
| --- | --- | --- | --- | --- | --- | --- |
| ၉ | စိုက်ပျိုးရေလုံလောက်မှု မရရှိ၍ သီးနှံအထွက်နှုန်း ကျဆင်းသွားခြင်း | ရေသွင်းမြောင်းနှင့်မြောင်း များ ပြည့်နေခြင်း | လုပ်အားရှားပါးခြင်း | ငွေကြေးအခက်အခဲ ရှိခြင်း | ရေဝေမြောင်းများအား ကော်ပြီးများဖြင့် ရေသွင်းမြောင်းဆယ်ယခြင်း | စိုက်ပျိုးရေ ရေသွင်းမြောင်း(၃) မိုင်ခန့် |
| ၁၀ | မျိုးကောင်းမျိုးသန့် မစိုက်ကြခြင်း | မျိုးသန့်နှင့်နည်းပညာ မသိရှိခြင်း၊ မျိုးစေ့ရှန်အ ချိန်ကာလအတိအကျမသိ ရှိခြင်း | | | စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စိုက်ပျိုးမွေးမြူရေးနည်းပညာများ သင်တန်းဖွင့်လှစ်ပေးခြင်း | စိုက်ပျိုးမွေးမြူရေးနည်းပညာများ သင်တန်း |
| ၁၁ | အရက်မူးယစ်ဆေး သောက်စားမှုများပြားခြင်း | မူးယစ်ဆေးအန္တရာယ်မသိ | | လွယ်ကူစွာဝယ်နိုင် | မူးယစ်ဆေးများပြန့်ပွားမှုတားဆီး ကင်းစင်ရန်အတွက်စစ်ဆေး အတွက်စစ်ဆေးမှုတပ်ခြင်း | မူးယစ်ပညာပေးဆိုင်ရာ ဟောပြောပွဲ |
| ၁၂ | သစ်တောများပြုန်း တီးသွားခြင်း | သဘာဝတောတန်ဖိုးမသိ သစ်တောများကို ထင်းယူအသုံးချလုပ် ကိုင်သောကြောင့် | ရေထွက်သစ်တောအား သတ်မှတ်ထားခြင်းမရှိ လုပ်အားအကျိုးသယ်ယူမှု အတွက်ရန်ပုံငွေမရှိ | ငွေကြေးအင်အား မရှိ | သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်တင်ပြခြင်း | သစ်တောပြန်လည်စိုက်ပျိုးခြင်း |

နောက်ဆက်တွဲ(၄)

## ညောင်ဝန်းကျေးရွာနှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

| စဉ် | အဆိုပြုလုပ်ငန်းများ | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီးသွယ်တန်းခြင်း (၃) မိုင် | ၁ | ✓ | ✓ | | | |
| ၂ | အတိုးနှုန်းသက်သာသောချေးငွေအဖွဲ့နှင့်ချိတ်ဆက်ပေးရန် | ၂ | ✓ | ✓ | ✓ | | |
| ၃ | မူကြိုကျောင်း ( ၂၀' x ၃၀' ) | ၃ | | ✓ | ✓ | | |
| ၄ | ကျောက်ချောလမ်းခင်းခြင်း ၁၂'အကျယ် (၂) မိုင်ခန့် | ၄ | ✓ | ✓ | ✓ | | |
| ၅ | ၂"ရေပိုက် (၂၈၀)လုံးပံ့ပိုးပေးရန် | ၅ | ✓ | ✓ | ✓ | | |
| ၆ | စိုက်ပျိုးရေးရေသွင်းမြောင်း (၃) မိုင်ခန့် | ၆ | ✓ | ✓ | | | |
| ၇ | အားကစားကွင်းတည်ဆောက်ခြင်း | ၇ | ✓ | ✓ | | | |
| ၈ | မူးယစ်ပညာပေးဆိုင်ရာဟောပြောပွဲ | ၈ | | | | | |
| ၉ | သစ်တောပြန်လည်စိုက်ပျိုးခြင်း | ၉ | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၀ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၁၀ | | | | | | |
| ၁၁ | ကျေးလက်ဆေးပေးခန်း ( ၂၀' x ၃၀' ) | ၁၁ | | | | | | |
| ၁၂ | စိုက်ပျိုးမွေးမြူရေးနည်းပညာပေးသင်တန်း | | | | | | | |